# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာမှုပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာမှုပိုင်ခွင့်ညီလာခံ - ၂၀၂၅ သို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတကာမှုပိုင်ခွင့်ညီလာခံမှတစ်ဆင့် ရရှိလာမည့်ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သည့် မှုပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားတစ်ရပ်အဖြစ် အသုံးချ

နေပြည်တော် ဇူလိုင် ၃

နိုင်ငံတကာမှုပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ➲*

**ယနေ့ ဖတ်စရာ**


သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့ — ဆောင်းပါး — စာ ၁၀

အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံတန်ကြေးရှိ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို အင်ဒိုနီးရှားနှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့ သဘောတူ — နိုင်ငံတကာသတင်း — စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

◆ **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့်အချက်များအပေါ်တွင် မူတည်လျက်ရှိ၊ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်၊ ထို့ကြောင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်**

✪ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ မူပိုင်ခွင့်ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပစာတမ်းရှင်များ၊ ဥပဒေကျွမ်းကျင်သူပညာရှင်များ၊ မူပိုင်ခွင့်ဆိုင်ရာ ပါရဂူဘွဲ့သင်တန်းသားများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) ကို Digital နည်းပညာအသုံးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**တေးသီချင်းဖြင့် ဖျော်ဖြေ**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညီလာခံအထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**များစွာအထောက်အကူပြုစေမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်စီးဆင်းမှုများပြားလာမှုစသည့် အချက်များအပေါ်တွင် မူတည်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့် မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**ဦးတည်ချက်ဖြင့် ဆွေးနွေး**

မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ၏ မူပိုင်ခွင့်စနစ် ကျင့်သုံးနေမှုအခြေအနေ၊ အားသာချက်၊ အားနည်းချက်နှင့် ဆက်လက်ဆောင်ရွက်သင့်သည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် ယခုကဲ့သို့ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့အပြင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားတိုးတက်စေရန်၊ ဆန်းသစ်တီထွင်မှု၊ ဖန်တီးနိုင်မှုနှင့် စွန့်ဦးတီထွင်မှုတို့ကို မြှင့်တင်ပေးရန်၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့သည်လည်း ညီလာခံ၏ ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခု ညီလာခံကြီးကို “မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန်” ဆိုသည့် ဦးတည်ချက်ဖြင့် ဆွေးနွေးသွားကြရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ပုဒ်မ ၃၇(ဂ)တွင် “နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်” ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့အပြင် ပုဒ်မ ၃၇၂ တွင်လည်း “ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်ကအာမခံသည်” ဟုလည်း ပြဋ္ဌာန်းထားကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

ထို့ကြောင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် တီထွင်ဖန်တီးမှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်စေရန်အတွက် မူပိုင်ခွင့်ဥပဒေ(၄)မျိုးဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၁၉ ခုနှစ်အတွင်း၌ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေများကို ၂၀၂၃ ခုနှစ်တွင်လည်းကောင်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း အာဏာတည်ခဲ့ပြီး အထူးဥပဒေ(Special Law)များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO)တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်နှင့်ဆက်စပ်သည့်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ကုန်သွယ်မှုဆိုင်ရာသဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights – TRIPS Agreement)ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (ASEAN Framework Agreement on Intellectual Property Co–operation) ကိုလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) တွင်ပါရှိသည့် အာဆီယံဒေသတွင်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြားသောဒေသတွင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံတွေနည်းတူ မူပိုင်ခွင့်ကိစ္စများတွင် လိုက်နာကျင့်သုံး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

**များစွာအထောက်အကူပြု**

နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ဒေသတွင်းနိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်ဘက်စုံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀) (Myanmar Sustainable Development Plan–MSDP)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများတွင် မူပိုင်ခွင့်ကအခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသည့်အတွက် ကဏ္ဍအားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်း တည်ထောင်ခြင်းအပါအဝင် ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးခြင်းက များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း။

ဆန်းသစ်တီထွင်မှုများသည် လူသားအားလုံးအတွက် အစဉ်အမြဲလိုအပ်နေသည့်အရာဖြစ်ကြောင်း၊ ရှေးဦးတီထွင်ဆန်းသစ်သူများကြောင့်လည်း ဒီနေ့ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ရရှိခံစားနေကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးမည့် ဂေဟစနစ်တစ်ရပ်ကိုလည်း ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းရှင်များ အသုံးပြုလျက်ရှိကြသည့် အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့် ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့်အနုပညာလက်ရာများသည် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ဖြင့် အကာအကွယ်ရယူနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များနှင့် သုတေသနဌာနများက တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍတွင် မူပိုင်ခွင့်အသုံးချမှုမြှင့်တင်နိုင်ရေးကိုလည်း တွန်းအားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ကစပြီး ကျင်းပပြုလုပ်မည့် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ– ၂၀၂၅ တွင် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအစုံက ဆောင်ရွက်နေမှုများ၊ နည်းပညာတိုးတက်မှုများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်အကာအကွယ်ယူခြင်းကဏ္ဍ၊ ဒစ်ဂျစ်တယ်မီဒီယာနှင့် မူပိုင်ခွင့်၊ ဒေသထွက်ကုန်နှင့် ရိုးရာအသိပညာများကို မူပိုင်ခွင့်နှင့် အကာအကွယ်ပေးခြင်းစသည့်ကဏ္ဍများကို ဆွေးနွေးသိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပက ပညာရှင်များ၏ သုတေသနစာတမ်းများကတစ်ဆင့် မူပိုင်ခွင့်၏ အရေးပါပုံနှင့် မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေမည်လည်းဖြစ်ကြောင်း။

ထို့အပြင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အနာဂတ်လူငယ်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်တွင် အောင်မြင်သည့် နည်းလမ်းများ၊ အကောင်းဆုံးအလေ့အကျင့်များနှင့် သင်ခန်းစာများကို လေ့လာဆည်းပူး အသုံးပြုနိုင်ကြမည်လည်းဖြစ်ကြောင်း၊ ညီလာခံကို တက်ရောက်လာကြသူများအနေဖြင့်လည်း ပညာရှင်များဖတ်ကြားမည့် မူပိုင်ခွင့်ဆိုင်ရာ သုတေသနစာတမ်းများမှ ဗဟုသုတများနှင့် တွေ့ရှိချက်များကို လေ့လာသုံးသပ်ပြီး မူပိုင်ခွင့်ဆိုင်ရာ စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် မူပိုင်ခွင့်ဆိုင်ရာအသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာပြီး ရရှိသည့်အသိပညာများကို လက်ဆင့်ကမ်းမျှဝေ အကျိုးပြုနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံမှတစ်ဆင့် ရရှိလာမည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားတစ်ရပ်အဖြစ် အသုံးချသွားကြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များအနေဖြင့် မိမိတို့၏ ကဏ္ဍအလိုက်တာဝန်ခံဝန်ကြီးဌာနနှင့် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025) Documenteary ကို ကြည့်ရှုကြသည်။

**စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ– ၂၀၂၅ (International Conference on Intellectual Property – 2025) အထိမ်းအမှတ်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြသည်။


အဆိုပါ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ – ၂၀၂၅ (International Conference on Intellectual Property – 2025)အား ဇူလိုင် ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရီနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဒူစစ် မေနဖန်တို့ကို သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးရီကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း **(အောက်ပုံ)**၊ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ဒူစစ် မေနဖန်ကို ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လက်ထောက်ဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နယ်စပ်ဒေသတစ်လျှောက် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များကို တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံသက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် မြန်မာ–တရုတ်–ထိုင်း (၃) နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းမြှင့်တင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ငလျင်ဒဏ်ကယ်ဆယ်ရေး လုပ်ငန်းများအပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အရှိန်အဟုန် မြှင့်တင်သွားရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးကဏ္ဍမြှင့်တင်ဆောင်ရွက်ရာမှာ အမျိုးသမီးများရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ရှိမှုဟာ အရေးပါသလို ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာလည်း အမျိုးသမီးများ ပိုမိုပါဝင်နိုင်ဖို့လိုအပ်

မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ နိုင်ငံတစ်ဝန်းလုံးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ နိုင်ငံရဲ့ အရေးပါတဲ့အခန်းကဏ္ဍ အသီးသီးမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုတဲ့နေ့လည်းဖြစ်သလို အလွှာပေါင်းစုံက အမျိုးသမီးများကို စိတ်ခွန်အားမြှင့်တင်ပေးဖို့ ကျင်းပပြုလုပ်တာဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို ဂုဏ်ပြုတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာအမျိုးသမီးများဟာ သနားကြင်နာတတ်သူတွေ၊ ကြံ့ကြံ့ခံနိုင်တဲ့သူတွေ၊ စွမ်းဆောင်ရည်ရှိသူတွေ ဖြစ်ကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနဲ့ အနုပညာ စတဲ့နယ်ပယ်အသီးသီးမှာသာမက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးတွေဟာ ကဏ္ဍအသီးသီးရဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာတောင် ပါဝင်ဆောင်ရွက်နေကြပြီဆိုတာ သိသာထင်ရှားစွာ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို မလွှဲမရှောင်သာဘဲ တာဝန်ယူရတဲ့အချိန်မှာ နိုင်ငံနဲ့မိမိရဲ့တာဝန်ကို ချစ်မြတ်နိုးတန်ဖိုးထားတဲ့ အမျိုးသမီးများအနက် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး စတဲ့ နယ်ပယ်အသီးသီးမှာ သက်စွန့်တာဝန်ထမ်းဆောင်သူများလည်း ရှိခဲ့ကြပါတယ်။ အလားတူပဲ ဘာသာသာသနာ၊ စာပေ၊ အနုသုခမနယ်ပယ်များမှာလည်း ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ထူးခြားလေးနက်စွာဆောင်ရွက်ခဲ့ကြတဲ့ ၎င်းတို့ကို ဘွဲ့တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

မတ်လ (၈) ရက်နေ့က ကျရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာ ကျင်းပခဲ့ပါတယ်။ ဒီနှစ်ကတော့ ဘေဂျင်းကြေညာစာတမ်းနဲ့ လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်နှစ် ဖြစ်တာနဲ့အညီ ဘက်စုံ၊ ကဏ္ဍစုံက အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေရဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးဖို့နဲ့ အခွင့်အလမ်းတွေ ပိုမိုလက်လှမ်းမီရရှိစေဖို့ ဆောင်ရွက်ပေးရန် အသိပေးနှိုးဆော်ထားပါတယ်။

ဒီလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းရဲ့ လုပ်ငန်းနယ်ပယ် (၁၂) ရပ်နဲ့ ချိတ်ဆက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျား မ တန်းတူညီမျှ အခွင့်အရေးများရရှိစေဖို့အတွက် နိုင်ငံတကာ ကတိကဝတ်များမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖွင့်ဗီဒီယိုမိန့်ခွန်း ပြောကြားစဉ်။

အကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့လုပ်ငန်းနယ်ပယ်(၁၂)ရပ်ပါဝင်တဲ့ ဘေဂျင်းကြေညာစာတမ်း၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်းလုပ်ငန်းများဖြစ်တဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး၊ အမျိုးသမီးငြိမ်းချမ်းရေးနဲ့ လုံခြုံရေး၊ ကျား မ ရေးရာထည့်သွင်းစဉ်းစားခြင်း မဟာဗျူဟာမူဘောင်၊ အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုနဲ့ ခေါင်းဆောင်မှု စတဲ့လုပ်ငန်းစီမံချက်တွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။ အလားတူ မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကျား မ ရေးရာမဟာဗျူဟာ အကောင်အထည်ဖော်ရေးစီမံကိန်းတွေမှာလည်း ပါဝင်ပြီး အမျိုးသမီးများရဲ့ အခွင့်အရေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသမီးကဏ္ဍမြှင့်တင်ဆောင်ရွက်ရာမှာ အမျိုးသမီးများရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ရှိမှုဟာ အရေးပါသလို ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာလည်း အမျိုးသမီးများ ပိုမိုပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ မြန်မာစာရင်းအင်းစာစောင် (၂၀၂၄) အရ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အချက်အလက်စာရင်းဇယားတွေမှာ ၂၀၂၄ ခုနှစ် မတ်လကုန်အထိ နိုင်ငံ့ဝန်ထမ်းများရဲ့ ၆၀ ဒသမ ၁၄ ရာခိုင်နှုန်းဟာ အမျိုးသမီးများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အမျိုးသမီးအချိုးအစားမှာလည်း ဒုတိယညွှန်ကြားရေးမှူးနဲ့ အထက် ဝန်ထမ်းဦးရေမှာ အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းမှာ ၅၃ ဒသမ ၆၃ ရာခိုင်နှုန်း ဖြစ်တာကို တွေ့ရှိရပါတယ်။

မြန်မာစာရင်းအင်းစာစောင်(၂၀၂၄)အရ ကျန်းမာရေးကဏ္ဍမှာ မွေးဖွားမှုနဲ့ သေဆုံးမှုစာရင်းအင်းများအရ မျှော်မှန်းသက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ အမျိုးသားများဟာ ၆၃ နှစ်ခန့်ရှိပြီး အမျိုးသမီးများဟာ ၇၂ နှစ်ခန့်ရှိတဲ့အတွက် အမျိုးသမီးများက အမျိုးသားများထက် အသက်ပိုရှည်ကြောင်း တွေ့ရှိရပါတယ်။ ဒ့ါအပြင် တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းနဲ့ စုစုပေါင်းမွေးဖွားမှုနှုန်းတို့မှာ နှစ်အလိုက်ကျဆင်းလာတဲ့အတွက် အမျိုးသမီးများအနေနဲ့ ကျန်းမာရေးဗဟုသုတနဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ပိုမိုကောင်းမွန်လာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တိုင်းပြည်တိုးတက်ခြင်းရဲ့ အခြေခံဟာ ပညာတတ်များ ပေါကြွယ်ဝခြင်းပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အသိပညာ၊ အတတ်ပညာနဲ့ ပြည့်စုံတဲ့ လူသားအရင်းအမြစ်ကောင်းတွေ များပြားတိုးတက်လာစေဖို့အတွက် မဖြစ်မနေလိုအပ်တဲ့အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးနဲ့ ဗလငါးတန်ပြည့်စုံရေးကို အစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အနာဂတ်ရဲ့ မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်တဲ့ လူငယ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့အတွက် ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင်လည်းပဲ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ UN Women တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အာဆီယံဒေသတွင်း ကျား မ ရေးရာ လေ့လာတွေ့ရှိချက် အစီရင်ခံစာ(၂၀၂၄)အရ အာဆီယံနိုင်ငံများအတွင်း အမျိုးသမီးများ နိုင်ငံရေးမှာပါဝင်မှု ၂၂ ရာခိုင်နှုန်း၊ ရင်းနှီးကျွမ်းဝင်သူ လက်တွဲဖော်ရဲ့ အကြမ်းဖက်ခံရမှုမှာ နှစ်စဉ် ၉ ရာခိုင်နှုန်း၊ လုပ်ခလစာ မရရှိတဲ့ ပြုစုစောင့်ရှောက်မှုနဲ့ အိမ်မှုကိစ္စများမှာ အမျိုးသမီးများရဲ့ အချိန်ကုန်ဆုံးမှုမှာ အမျိုးသားများထက် အချိန် ၂ ဆကျော်ရှိကြောင်း တွေ့ရပါတယ်။ နည်းပညာလက်လှမ်းမီမှုနဲ့ ပတ်သက်ပြီး မိုဘိုင်းဖုန်းပိုင်ဆိုင်မှုမှာ အမျိုးသား ၆၉ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး ၆၃ ရာခိုင်နှုန်းသာ ရှိကြောင်းနဲ့ မြေယာပိုင်ဆိုင်မှုမှာ ကျား မ ရေးရာကွာဟမှုရှိကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆယ်ကျော်သက်အရွယ် ကလေးမွေးဖွားမှုနှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများအကြား အနည်းဆုံးဖြစ်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်မှုရှိတာကိုလည်း တွေ့ရှိရပါတယ်။

လေ့လာမှုစစ်တမ်းတွေအရ နယ်ပယ်အသီးသီးက အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ (၁၂) ရပ်တို့မှာပါဝင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ အဖွဲ့အစည်းများအားလုံးက ပိုမိုကြိုးပမ်းဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဒ့ါအပြင် သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာလည်း ကျား မ ရေးရာ အလေးထားတဲ့ လုပ်ငန်းစီမံချက်များ ဆောင်ရွက်ပေးနိုင်ဖို့၊ ကျေးလက်နဲ့ မြို့ပြမှာရှိတဲ့ အမျိုးသမီးများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ပြန်လည်လုပ်ကိုင်နိုင်ပြီး စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်း ပံ့ပိုးဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်ရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံးက အမျိုးသားအားလုံးနဲ့အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အနာဂတ်နိုင်ငံတော်အတွက် အမျိုးသမီးများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာနဲ့ ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**❂ မြန်မာအမျိုးသမီးများဟာ သနားကြင်နာတတ်သူတွေ၊ ကြံ့ကြံ့ခံနိုင်တဲ့သူတွေ၊ စွမ်းဆောင်ရည်ရှိသူတွေဖြစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာနဲ့ အနုပညာ စတဲ့နယ်ပယ်အသီးသီးမှာသာမက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အုပ်ချုပ်ရေးနယ်ပယ်များအထိပါ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့မြင်နိုင်၊ မျက်မှောက်ကာလမှာလည်း မြန်မာအမျိုးသမီးတွေဟာ ကဏ္ဍအသီးသီးရဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဆင့်တွေမှာတောင် ပါဝင်ဆောင်ရွက်နေကြပြီဆိုတာ သိသာထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်**





၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖွင့်ဗီဒီယိုမိန့်ခွန်း ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၃

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးပြ အကောင်းဆုံးဆုရရှိသူ ဒုတိယဗိုလ် ဒေါ်နန္ဒာကျော်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ရဲဒုတိယတပ်ကြပ် လက်ချ်မီးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် ၂၀၂၄ ခုနှစ် မသန်စွမ်းအမျိုးသမီးပြေးခုန်ပစ် အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံရုံးအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ထူးချွန်ဆုရရှိသော အမျိုးသမီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အဖွင့်မိန့်ခွန်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ-၅ တွင် သီးခြားဖော်ပြထားပါသည်။)**

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip ကို ပြသသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးပြအကောင်းဆုံးဆုရရှိသူ ဒုတိယဗိုလ် ဒေါ်နန္ဒာကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ် ဒေါ်လပြည့်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီး ဒေါ်ရွှေဝတ်ရည်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ရဲဒုတိယတပ်ကြပ် လက်ချ်မီးနှင့် ထူးချွန်အမျိုးသမီးကြက်ခြေနီဆုရရှိသူ ဒေါ်လင်းလင်းထိုက်တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၄ ခုနှစ် မသန်စွမ်းအမျိုးသမီးပြေးခုန်ပစ် အားကစားထူးချွန်ဆုရရှိသူ မထက်ထက်အေးနှင့် ၂၀၂၄ ခုနှစ် အမျိုးသမီးပီတန်းအားကစားထူးချွန်ဆုရရှိသူ မခင်ချယ်ရီသက်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၆ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီးက ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆုရရှိသူ ဒေါ်မြမြသန်း(ကိုယ်စား) ဒေါ်ချိုချိုမော်နှင့် ဒေါ်ခင်ဝတ်ရည်တို့ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီးက ထူးချွန်အမျိုးသမီးဆုရရှိသူ ဒေါက်တာသင်းမျိုးမျိုးအောင်နှင့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်ဆုရရှိသူ ဒေါ်ကြွေကြွေဇင်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ ဇနီးများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင် ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး ဒေါ်ဥမ္မာမြင့် ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိသူ ဒေါ်ကြွေကြွေဇင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ ပထမနေ့ Session 1 သို့ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယနေ့ ပထမနေ့ Session 1 တွင် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦး က တက်ရောက်၍ အမှာစကားပြောကြားသည်။





မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌက နိုင်ငံတကာမူပိုင်ခွင့် ညီလာခံကို မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးတို့ကို အားပေးလှုံ့ဆော်သည့် မူပိုင်ခွင့်ဂေဟစနစ် အားကောင်းစေရန် ဦးတည်ချက်ဖြင့် စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ သိပ္ပံနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် မူပိုင်ခွင့်၏အရေးပါပုံကို သိရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့် မူပိုင်ခွင့်ညီလာခံသည် နိုင်ငံတော်တွင် လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် မူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကို အခြားမူပိုင်ခွင့်စနစ်ဖွံ့ဖြိုးသော နိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာနိုင်စေရန်၊ ပိုမိုကောင်းမွန်သည့် စနစ်တစ်ရပ်ကျင့်သုံး ဆောင်ရွက်နိုင်ရန်နှင့် ညီလာခံ၏ ပြည်တွင်း၊ ပြည်ပစာတမ်းများမှတစ်ဆင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်၍ မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်နိုင်ရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည်ဖြစ်ရာ ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များကို အရွယ်အပိုင်းအခြားအလိုက် မူပိုင်ခွင့်အသိပညာပေးခြင်း၊ တီထွင်ဖန်တီးလိုစိတ်များ မြင့်မားစေရန် အားပေးလှုံ့ဆော်ခြင်း၊ တက္ကသိုလ်သုတေသနဌာနများမှ တီထွင်ဖန်တီးမှုများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်ရန် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်းများကို မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုသူပြည်သူများ၊ တီထွင်သူ၊ ဖန်တီးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖြန့်ဝေသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

နိုင်ငံတကာမူပိုင်ခွင့် ညီလာခံ Session 1 သို့ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဖိတ်ကြားထားသော ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်တွင်း/ပြည်ပမှ မူပိုင်ခွင့်ပညာရှင်များ၊ Keynote Speaker များနှင့် စာတမ်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလပြီးစီးရေးကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ ထိန်းသိမ်းထားသည့် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်ရှိ ဥတ္တရသီရိရေလှောင်တမံပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီရေတားတမံ (Ring Bund) မြေဖို့ခြင်းလုပ်ငန်း၊ အရေးပေါ်ရေပိုလွှဲ တူးဖော်ခြင်းလုပ်ငန်း၊ အရေးပေါ်ရေပိုလွှဲ အထွက်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေထုတ်ပြွန်အတွင်းပိုင်းသို့ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ရေထုတ်ပြွန်ရေစိမ့်နေသော နေရာကို အမြန်ဆုံး ပြန်လည်ပိတ်ဆို့နိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရေသိုလှောင်ထားရှိနိုင်ရေး၊ ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်ငယ်များကြောင့် ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဥတ္တရသီရိရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရေထုတ်ပြွန်ရေယိုစိမ့်သည့်နေရာများအား ကွန်ကရစ်ဖြင့် ပြန်လည်ပိတ်ဆို့ခြင်း ၊ တမံပိုမိုတောင့်တင်းစေရန် အားဖြည့်မြေဖို့ခြင်း၊ ရေထုတ်ပြွန်နှင့် ထိစပ်လျက်ရှိသော တမံမြေသားများကို ပိုမိုတောင့်တင်း ကြံ့ခိုင်စေရန်နှင့် ရေလုံစေရန်အတွက် ရေထုတ်ပြွန်တစ်လျှောက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးပေါ်ရေပိုလွှဲအား တမံဘေးကင်းလုံခြုံစိတ်ချစေနိုင်ရေးအတွက် စနစ်တကျထိန်းညှိ အသုံးပြုနိုင်ရန် ရေတံခါးတပ်ရေပိုလွှဲ (Gated Spillway) တစ်ခု ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**လှိုင်ကော် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းသူလေးများက “မင်္ဂလာပါ” သီချင်းဖြင့် အခမ်းအနားအား ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် မြန်မာအမျိုးသမီးများ နိုင်ငံတော်၏နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ကျား/မ တန်းတူညီမျှမှုရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက် ပေးနေကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်းရှိ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ Video Clip ကို ကြည့်ရှုအားပေးသည်။ ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူများက “သနပ်ခါးလေးနဲ့ မောင့်ချစ်သူ” သီချင်းဖြင့် လည်းကောင်း၊ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ ကျောင်းသူများက “အားနွဲ့ပေမဲ့ သတ္တိရှိသော၊ နူးညံ့ပေမဲ့ ရဲရင့်သော၊ ဘဝပေါင်းများစွာ၏ ပွဲကိုင်ရှင်” ပြဇာတ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း (ဒေါ်တမ) ကျောင်းသူလေးများက “မြန်မာမလေးပါရှင့်” သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြဇာတ်၊ အကတို့ဖြင့် ဖျော်ဖြေသည့်အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။




အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးက "ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်မှုနှင့် ပတ်သက်၍ စည်းကမ်းတကျ စုဆောင်းမှုကို အလေးထားရန်" လမ်းညွှန်ထားမှု အပေါ် အဆင့်ဆင့်သောပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာ မှာကြားလိုပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ အသက် သတ်မှတ်ချက်နှင့် ကိုက်ညီအကျုံးဝင်သူများ အနေဖြင့် သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း၊ ၎င်းတို့အထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃)ခု တက်ရောက်လေ့ကျင့်လျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်ကြသည့် တာဝန်ရှိသူအဆင့်ဆင့်က သိရှိနားလည်ပြီး လိုက်နာလုပ်ဆောင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသူများကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့်မမှန်မကန်တိုင်ကြားမှုများ၊ လုပ်ကြံဝါဒဖြန့်ခြင်းများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ရပ်ကွက်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးမသမာမှု မရှိစေရေး၊ အဂတိမဖြစ်ပေါ်စေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန်လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးကြရန် လိုပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယားမှန်ကန်ရန်နှင့် ရေရှည်တွင် မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာ IT နည်းပညာနှင့် အချက်အလက် မှတ်တမ်းတင်ခြင်း အထောက်အကူပြုအလုပ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System–NSIMS) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်မှုနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်/ လျှော့ပေါ့/ ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ ဗဟိုအဖွဲ့အနေဖြင့် အလေးထား၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထိုသို့ခွင့်ပြုခဲ့သူများက ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် စနစ်တကျ မှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့် ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ပုံမှန်ဖွင့်လှစ်သွားနိုင်ပါက နိုင်ငံအတွက်၊ နိုင်ငံကာကွယ်ရေးအတွက်၊ နိုင်ငံတော်နှင့် ပတ်သက်သည့် ကာကွယ်ရေးစွမ်းအားများနှင့် လုံခြုံရေးဆိုင်ရာများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများဆင့်ခေါ်ရာတွင် ဆင့်ခေါ်ရေးအဖွဲ့က ဆင့်ခေါ်ပြီး ဝင်ရောက်လာကြသူများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များကလည်း သေချာစိစစ်ကြပ်မတ် လက်ခံဆောင်ရွက်သွားရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များကလည်း ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ စိစစ်ကြပ်မတ်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ပြည်ထောင်စုအဆင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက "နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်" ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

နွေစပါး၊ မိုးစပါးအစီအစဉ် ဆောင်ရွက်ခဲ့မှုကြောင့် မတည်ငွေကျပ်ဘီလီယံ ၂၃၀ အပေါ်တွင် စုစုပေါင်းငွေကျပ် ၇၆၇ ဒသမ ၀၅၄ ဘီလီယံကို တောင်သူများထံသို့ အရင်းမပျောက်မတည်ငွေအဖြစ် ပံ့ပိုးပေးပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) အစီအစဉ် ဆောင်ရွက်ခဲ့မှုကြောင့် မတည်ငွေကျပ်ဘီလီယံ ၅၆ ဒသမ ၃၁၀ အပေါ်တွင် စုစုပေါင်းငွေကျပ် ၁၁၅ ဒသမ ၂၆၉ ဘီလီယံကို တောင်သူများထံသို့ အရင်း မပျောက်မတည်ငွေအဖြစ် ပံ့ပိုး ပေးပြီး ဖြစ်ကြောင်း။

တောင်သူများအား သွင်းအားစုများ အချိန်ကိုက်အချိုးကျသုံးစွဲနိုင်ရေး၊ တစ်ဧက အထွက်နှုန်း တိုးတက်ရန် နည်းပညာပေးလုပ်ငန်းများကို အစီအစဉ်တွင်ပါဝင်သော တောင်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအသီးသီးမှ ကော်မတီဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ကုမ္ပဏီများ၊ Zoom Application ဖြင့် တက်ရောက်ကြသူများက သက်ဆိုင်ရာကဏ္ဍများ အလိုက် တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်အစီအစဉ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တောင်သူလယ်သမားအစုအဖွဲ့ သမဝါယမအသင်းများ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများ ပါဝင်သည့်အစုအဖွဲ့များနှင့် သွင်းအားစုရောင်းချသူများ အစုအဖွဲ့တို့က အဓိကပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့

*အောင်သူရ(သမဝါယမ)*

၁၈၄၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးမြို့ Toad Lane လမ်း၌ ရက်ကန်းသမား ၂၈ ဦးတို့က ရော့ခ်ဒေး သမဝါယမကုန်စုံဆိုင် ဖွင့်လှစ်အောင်မြင်ခဲ့ခြင်းမှ အစပြု၍ သန္ဓေတည်ခဲ့သည့် ကမ္ဘာ့သမဝါယမ လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ၁၈၁ နှစ်တိုင်ခဲ့ပြီး ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် International Cooperatives Alliance (ICA) ကို ၁၈၉၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ သမဝါယမအသင်းစု ချုပ်ပေါင်း ၃၀၆ သင်းကျော်၊ သမဝါယမအသင်း ပေါင်း ၃ သန်းကျော်၊ သမဝါယမအသင်းသားပေါင်း ၁ ဘီလီယံကျော်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ ပါသည်။

**လေးနှစ်တာခရီးသို့ ရောက်ရှိ**

မြန်မာနိုင်ငံရှိ သမဝါယမလုပ်ငန်းများကိုလည်း ၁၉၀၄ ခုနှစ် နှောင်းပိုင်းနှင့် ၁၉၀၅ ခုနှစ် နှစ်ဆန်းပိုင်း တို့မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာန ဝန်ကြီးဌာနဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ် မှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၁၇-၆-၂၀၂၁ ရက်နေ့ တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များ ဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ပန်းတိုင်ဆီသို့ လျှောက်လှမ်းလာခဲ့ရာ လေးနှစ်တာ ခရီး ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

သမဝါယမဦးစီးဌာနက ပြည်သူတို့၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုး ရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၉) ရပ် ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ စည်းရုံးပညာ ပေးခြင်း၊ တည့်မတ်ပြုပြင်ပေးခြင်းတို့ကို သမဝါယမ




**"Cooperatives Driving Inclusive and Sustainable Solutions for a Better World"**

**"သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့"**

အသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် အလုပ် မလုပ်သော/ စာရင်းရှင်းလင်း ဖျက်သိမ်းသင့်သည့် သမဝါယမ အသင်း ၁၄၂၂ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်း ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်း များထဲမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အမှန် တကယ် လုပ်ကိုင်လိုသူများအား စည်းရုံးကာ အသင်းသစ် ၇၆၉ သင်း ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင် ခဲ့ခြင်းကြောင့် ယနေ့အထိ ကဏ္ဍအလိုက်ထုတ်လုပ်မှု သမဝါယမအသင်း ၃၁၉၈၄ သင်း၊ ဝန်ဆောင်မှု သမဝါယမအသင်း ၃၅၄၇ သင်းနှင့် ကုန်သွယ်မှု သမဝါယမအသင်း ၃၁၅၂ သင်းကို ဖွဲ့စည်းဆောင် ရွက်ထားရှိပါသည်။

**စိုက်ဧက ၂၄ ဒသမ ၄ သိန်း စိုက်ပျိုးနိုင်ခဲ့**

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၁၈၈၀၄ သင်းမှ အသင်းသား ၉၆၇၅၆၅ ဦး အတွက် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေကျပ် ၃၉၁၄ ဒသမ ၄၅၇ သန်းအပါအဝင် သမဝါယမအသင်းပိုင် ငွေကျပ်

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများထဲမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ အသင်းသစ် ၇၆၉ သင်း ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကဏ္ဍအလိုက်ထုတ်လုပ်မှု သမဝါယမအသင်း ၃၁၉၈၄ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၅၄၇ သင်းနှင့် ကုန်သွယ်မှု သမဝါယမအသင်း ၃၁၅၂ သင်းကို ဖွဲ့စည်းဆောင်ရွက်ထားရှိ**

❖ **လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း ၄၉ သင်း၊ လုပ်ငန်းခွဲ ၁၁၃ သင်း စုစုပေါင်း ၁၆၂ သင်းတို့မှ ထွန်ယက်ပြုပြင်ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းတို့အား ထွန်စက်ကြီး ၅၅၉ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၈ စီးနှင့် အခြားစက်ကိရိယာ ၈၉ စီး စုစုပေါင်း ၇၆၆ စီးဖြင့် ထွန်ယက်ဧက ၄၃၆၂၆၁ ဧက၊ ရိတ်ခြွေဧက ၆၈၇၁၁ ဧကတို့ကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ရာသီချိန်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့**

၁၁၄၄၂၃ ဒသမ ၂၉၄ သန်းဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါနှင့် ဟင်းသီးဟင်းရွက် စိုက်ဧကပေါင်း ၂၄ ဒသမ ၄ သိန်းဧကကို စိုက်ပျိုး နိုင်ခဲ့ပါသည်။

မျိုးစေ့ထုတ်သမဝါယမအသင်း ၃၄ သင်း၏ မျိုးစေ့ထုတ်ဧက ၁၇၀၉ ဧကမှ မျိုးစပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ နေကြာ စသည့်သီးနှံမျိုးစေ့များ ထုတ်လုပ် နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးထုတ်လုပ် ရေးသမဝါယမအသင်း ၂၂၆ သင်းမှ အသင်းသား တောင်သူ ၆၂၈၇ ဦးသို့ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြု ငွေကျပ် ၂၉၃ ဒသမ ၂၆၁ သန်းအပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၂၃ ဒသမ ၇၇၅ သန်း တန်ဖိုးရှိသော မျိုးကောင်းမျိုးသန့်များနှင့် သဘာဝမြေဩဇာ ၈၆၄၉ အိတ်၊ ဓာတ်မြေဩဇာ (ပုလဲ၊ ကွန်ပေါင်း) အိတ် ၆၅၇၅၀၊ ပိုး သတ်ဆေး ၃၃၃၉၃ ပုလင်း စသည့် စိုက်ပျိုးရေးသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သမဝါယမအသင်း ၁၇၆ သင်းမှ အသင်းပိုင် လယ်မြေ ၁၄၂၄၀ ဒသမ ၅၂ ဧက၊ ယာမြေ ၇၇၂ ဒသမ ၃၇ ဧကရှိပြီး အဆိုပါအသင်းပိုင်လယ်ယာမြေ များတွင် သမဝါယမစနစ်ဖြင့် BOD အဖွဲ့မှ ဦးဆောင် ၍ စုပေါင်းဝယ်ယူ၊ စုပေါင်းဆောင်ရွက်၊ စုပေါင်း ရောင်းချခြင်းစနစ်ဖြင့် ဆောင်ရွက်ပြီး သီးနှံရာသီ အလိုက် အကျိုးအမြတ်ခွဲဝေပေးနိုင်ရေး ဆောင်ရွက် လျက်ရှိပါသည်။

**ရာသီချိန်အလိုက် ဆောင်ရွက်ပေး**

သမဝါယမအသင်း၊ အသင်းသားပိုင် စက် ကိရိယာများဖြင့်လည်းကောင်း၊ ပြည်ထောင်စု ဘတ်ဂျက်၊ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်မှ ပံ့ပိုးသည့် စက်ကိရိယာများဖြင့် လည်းကောင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမ အသင်း ၄၉ သင်း၊ လုပ်ငန်းခွဲ ၁၁၃ သင်း စုစုပေါင်း ၁၆၂ သင်းတို့မှ ထွန်ယက်ပြုပြင်ခြင်းနှင့် စပါး ရိတ်သိမ်းခြွေလှေ့ခြင်းတို့အား ထွန်စက်ကြီး ၅၅၉ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၁၈ စီးနှင့် အခြားစက် ကိရိယာ ၈၉ စီး စုစုပေါင်း ၇၆၆ စီးဖြင့် ထွန်ယက် ဧက ၄၃၆၂၆၁ ဧက၊ ရိတ်ခြွေဧက ၆၈၇၁၁ ဧက တို့ကို ဆောင်ရွက်ပေးခဲ့ပြီး လယ်ယာအထောက် အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ရာသီချိန် အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီ များ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများနှင့်ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် မျိုး၊ မြေဩဇာသွင်းအားစု၊ အစေ့ချစက်(Seeder)များနှင့် လက်စွဲကောက်စိုက်စက်ပေးအပ်ခြင်း၊ သမဝါယမ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက် ထွန်ယက်ခြင်းအခမ်းအနားများကို နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်း မြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး သဲကုန်း မြို့နယ်၊ ပဲခူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေး မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေး အတွက် ကုမ္ပဏီအစီအစဉ်ဖြင့် အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ Two-Step Loan ချေးငွေဖြင့်လည်းကောင်း ပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နွေစပါးစီမံကိန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တွင် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်/မွေး/ ဆည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသ ကြီး/ ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်၊ အသင်းပိုင် ငွေကျပ် ၁၆၂၃၈ ဒသမ ၁၂၉ သန်းဖြင့် သမဝါယမ အသင်း ၃၇၀၊ အသင်းသားတောင်သူ ၁၃၃၆၆ ဦး၏ နွေစပါးစိုက်ဧက ၈၀၆၉၅ ဧကအတွက် တစ်ဧက လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် မျိုး၊ သွင်းအားစုများကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လက်ရှိ ကာလအထိ တစ်ဧက ပျမ်းမျှ ၁၁၇ တင်းနှုန်း ထွက်ရှိ ပြီဖြစ်ပါသည်။

မိုးစပါးစီမံကိန်းအား သမဝါယမကဏ္ဍမှ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မိုးစပါးစိုက်ပျိုးနိုင်ရေး အတွက် ကျပ် ၅၇၈၉၀ ဒသမ ၈၆၂ သန်းဖြင့် သမ ဝါယမအသင်း ၁၀၅၀၊ အသင်းသား တောင်သူ ၃၀၄၄၁ ဦး၏ မိုးစပါးစိုက်ဧက ၁၆၁၆၃၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် မျိုး၊ သွင်း အားစုများကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၈၄ တင်းနှုန်းဖြင့် ထွက်ရှိပြီး ယခင်စီမံကိန်း မစတင်ခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၈ တင်း ပိုမိုထွက်ရှိခဲ့ပါသည်။

**မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများပံ့ပိုး**

လက်ရှိတွင်လည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစီမံကိန်းတွင် စိုက်/မွေး/ ဆည် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ လည်း ကောင်း၊ ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေ (သက်တံရောင်စီမံကိန်း) မှလည်းကောင်း မိုးစပါးစိုက်ပျိုးမည့် စိုက်ဧက ၁၅၂၅၆၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ - ၃ သိန်းနှုန်းနှင့် ညီမျှသော ပံ့ပိုးငွေများရယူ၍ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်တိုး မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝါအထွက်နှုန်းများ တိုးတက်စေရေးနှင့် ဝါ ကုန်ကြမ်းများမှ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးအတွက် ဝါသီးနှံစိုက်ပျိုးရေး ထုတ်လုပ်မှု ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမဝါယမကဏ္ဍမှ ဝါစိုက်ပျိုး ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တောင်သူများအား သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများအလိုက်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ရွေးချယ်စည်းရုံး၍ သမဝါယမအသင်းများ ဖွဲ့စည်းပြီး စုစုပေါင်းဧက ၉၆၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ သွင်းအားစုများအား ထောက်ပံ့ပေးခဲ့ပါသည်။

မိုးကြို့ဝါစီမံကိန်းတွင် တစ်ဧက ပျမ်းမျှ ၅၅၃ ပိဿာနှုန်းထွက်ရှိပြီး ယခင်နှစ်ထက် ၁၁၇ ပိဿာ၊ မိုးဝါစီမံကိန်းတွင် တစ်ဧက ပျမ်းမျှ ၄၇၆ ပိဿာနှုန်းထွက်ရှိပြီး ယခင်နှစ်ထက် ၈၂ ပိဿာ၊ မိုးနှောင်းဝါစီမံကိန်းများချမှတ်၍ သွင်းအားစုမြေဩဇာများကို ထောက်ပံ့ပေးအပ်ရာ တစ်ဧက ပျမ်းမျှ ၅၆၂ ပိဿာနှုန်းထွက်ရှိပြီး ယခင်နှစ်ထက် ပျမ်းမျှ ၉၈ ပိဿာ ပိုမိုထွက်ရှိခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဝါစိုက်ပျိုးရေးစီမံကိန်းတွင်လည်း လျာထားဧက ၉၀၀၀၀ ကို အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

ဝါစိုက်တောင်သူများအတွက် ဝါအထွက်တိုးစေရန် စပ်မျိုးဝါ၊ အထွက်တိုးဝါများဖြစ်သည့် RAKKA 666၊ RAKKA – 666 (Bt)၊ KTK မျိုးနှင့် B–31 မျိုးများကိုသာ စိုက်ပျိုးသွားစေမည်ဖြစ်ပြီး မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဝါမျိုးစေ့များ စိုက်ပျိုးချိန်မတိုင်မီ တောင်သူများလက်ဝယ်ရောက်ရှိအောင် ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံ (နေကြာ) အထွက်နှုန်းတိုးမြှင့်ရေးအတွက် ဆီထွက်သီးနှံဇုန်တွင်ပါဝင်သည့် နေပြည်တော်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရှမ်းနှင့် ဧရာဝတီတို့တွင် မြို့နယ် ၉၀၊ အသင်းသား ၄၀၆၈၅ ဦး၏ နေကြာစိုက်ဧက ၉၅၂၉၅ ဧကဖြင့် သမဝါယမအသင်း ၁၂၁၄ သင်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်း ၂၅၂၀ မှ အသင်းသား ၁၄၄၇၁၆ ဦးအား နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၁၇၇ ဒသမ ၅၀ သန်းအပါအဝင် သမဝါယမအသင်းပိုင် ငွေကျပ် ၁၂၄၅၅ ဒသမ ၀၇၆ သန်း တန်ဖိုးရှိသော မျိုးသားပေါက်နှင့် တိရစ္ဆာန်အစားအစာများကို ပံ့ပိုးပေး၍ ကြက်ကောင်ရေ ၈၀၀၅၂ ကောင်၊ ဝက်ကောင်ရေ ၉၂၀၉၆ ကောင်၊ ဆိတ်ကောင်ရေ ၂၉၅၆ ကောင်၊ နွားကောင်ရေ ၁၅၈၃၄ ကောင်၊ နွားနောက် ၁၀၀၊ ဘဲကောင်ရေ ၈၂၈ ကောင်၊ အသင်းပိုင်/ အသင်းသားပိုင် ငါးမွေးကန် ၇၇၇ ကန်၊ အကျယ်အဝန်း ၂၀၆၇၈ ဧကမှ ငါးကောင်ရေ ၁၉ သိန်းကျော်ကို မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအားပြည့် လည်ပတ်ဆောင်ရွက်လျက်ရှိ**

သမဝါယမအသင်းပိုင် ဆန်စက်များ တည်ဆောက်နိုင်မှုအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် တော်ဝင်မိုင်းယောင်း အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင်ရွှေဇေယျာဆန်စက်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းပိုင် ပုလဲအမှတ်(၈) တစ်ရက် တန် ၂၀ ကျ အဆင့်မြင့်ဆန်စက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင် တစ်ရက် တန် ၆၀ ကျ ရွှေမြိုင်အဆင့်မြင့်ဆန်စက်ကို တည်ဆောက်ခဲ့ပြီး စက်စွမ်းအားပြည့် လည်ပတ်ဆောင်ရွက်လျက်ရှိကြပါသည်။

၂၀၂၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun Co.,Ltd. တို့ အကျိုးတူပူးပေါင်း၍ Royal Ruby Flower Company Limited အမည်ဖြင့် တည်ဆောက်လျက်ရှိသည့် ဆန်စက်၊ အမရပူရမြို့နယ် သမဝါယမအသင်းစုနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ အမရသစ္စာကုမ္ပဏီလီမိတက်အမည်ဖြင့် တည်ဆောက်လျက် ဆန်စက်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်လောင်းမြို့နယ် နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ ဆောင်ရွက်သည့် သဘာဝမြေဩဇာစက်ရုံ စုစုပေါင်း ခုနစ်ရုံ တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်လုပ်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင်လည်း နှမ်းရိုးမှ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဘတ်ဂျက်မှ ခွင့်ပြုငွေဖြင့် နေပြည်တော်နယ်မြေတွင် စပါးမျိုးစေ့ချစက် ၇၇ စီး ပံ့ပိုးမှုအပါအဝင် မွန်ပြည်နယ်၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း၊ အသင်းအချင်းချင်းအစီအစဉ်ဖြင့်လည်းကောင်း မျိုးစေ့ချစက် ၄၁၃ ခု၊ လက်စွဲကောက်စိုက်စက် ၅၁ ခုတို့အား ပံ့ပိုးပြီးဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ဆီထွက်သီးနှံမှတစ်ဆင့် စားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချပြီး ပြည်တွင်းမှထွက်ရှိသော ပဲဆီ၊ နှမ်းဆီတို့ဖြင့် အစားထိုး ဆောင်ရွက်နိုင်စေရေး ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၁၃ မြို့နယ်တို့တွင် နိုင်ငံတော်၏ပံ့ပိုးကူညီမှု အပါအဝင် အသင်းပိုင်ဆီစက် ၁၅ လုံး တည်ထောင်ပေး၍ သမဝါယမကဏ္ဍမှ ဆီစက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ဒေသတွင်း နိုင်ငံများအထိ**

**ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်း**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေးသမဝါယမအသင်းနှင့် ရွှေကမ္ဘာငွေစုငွေချေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော မန္တလေးနို့ချက်စက်ရုံအား ၁၄-၁၂-၂၀၂၂ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်ရက်လျှင် နို့ဆီဘူး ၁၀၀၀၀ ထုတ်လုပ်လျက်ရှိကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နို့ဆီဘူး ၇၇၄၃၂၃ ဘူး၊ တန်ဖိုးငွေကျပ် ၂၅၈ ဒသမ ၄၃ သိန်းအား ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရန် အရည်အသွေးပြည့်မီသော တန်ဖိုးမြှင့်ထုတ်ကုန်များအား တိုးမြှင့်ထုတ်လုပ်နိုင်ပြီး ဒေသတွင်းနှင့် ပြည်ပနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်ရောင်းချပေးနိုင်ရန် သမဝါယမအသင်းပေါင်း ၆၈ သင်းမှ ဝါးလက်မှုပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၂၁၅၂၇ ဒသမ ၇၇ သိန်းဖိုး ထုတ်လုပ်ရောင်းချဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဟိုတယ်/မိုတယ်/တည်းခိုခန်းများ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၄၇ မြို့နယ်ရှိ သမဝါယမအသင်း စုစုပေါင်း ၆၀ မှ ဟိုတယ် တစ်ခု၊ မိုတယ် ခုနစ်ခု၊ တည်းခိုခန်း ၅၅ ခုနှင့် ဘော်ဒါဆောင် ငါးခု ဆောင်ရွက်ထားပြီး တစ်နှစ်တာ ဝင်ငွေကျပ်သိန်းပေါင်း ၇၂၇ ဒသမ ၃၃ သိန်း ရရှိခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ် ငါးခု၊ မြို့နယ်နှစ်ခုတွင် Cash Memo အရောင်းဆိုင် ၄၃ ဆိုင် ဖွင့်လှစ်၍ အမှတ်တရပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ အဆိုပါဆိုင်များမှ နိုင်ငံတော်ဝင်ငွေ ပေးသွင်းခဲ့ပါသည်။

ပြည်သူများစားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် သမဝါယမကုန်သွယ်မှုကဏ္ဍမှ သမဝါယမအသင်းအရောင်းဆိုင် ၂၄၆ ဆိုင် ဖွင့်လှစ်လျက်ရှိပြီး ကုန်မျိုးစုံ၊ ဒေသထွက်ကုန်၊ စိုက်ပျိုးရေးဆေးနှင့်သွင်းအားစု၊ မြေပဲဆီ၊ လျှပ်စစ်သုံးပစ္စည်းနှင့် ပရိဘောဂများ ရောင်းချဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိစန္ဒာအထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက ငွေကျပ် ၁၃၁၁၁ ဒသမ ၈၈၄ သန်း တန်ဖိုးရှိအထည်မျိုးစုံကို ဂျပန်နိုင်ငံသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက ငွေကျပ် ၁၁၀ ဒသမ ၄၁ သန်းတန်ဖိုးရှိ တံမြက်စည်းများကို တောင်ကိုရီးယားနိုင်ငံသို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက ကျပ်သန်း ၃၇၀၀ ဒသမ ၆၃၅ သန်းတန်ဖိုးရှိ နှမ်းများကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရှိ Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ငွေကျပ် ၃၃၂၂ ဒသမ ၄၃၄ သန်းတန်ဖိုးရှိ ကော်ဖီမျိုးစုံကို ဆွစ်ဇာလန်နိုင်ငံသို့လည်းကောင်း၊ မူဆယ်မြို့နယ်၊ စိန့်ဇေယျာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက ငွေကျပ် ၂၀၉၈၀ ဒသမ ၄၂၆ သန်းတန်ဖိုးရှိ ငါးရှဉ့်များကို တရုတ်နိုင်ငံသို့ လည်းကောင်း စုစုပေါင်း ငွေကျပ် ၄၁၂၃၄ ဒသမ ၇၈၉ သန်းတန်ဖိုးကို တင်ပို့နိုင်ခဲ့ပါသည်။

သမဝါယမဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (သမဝါယမကဏ္ဍ)ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေလကုန်ထိ တိုင်းဒေသကြီးငါးခု၊ ပြည်နယ်ခုနစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသုံးခုတို့ရှိ ၅၈ မြို့နယ်၊ အကျိုးပြုကျေးရွာ ၁၈၀၊ အသင်း ၂၇၇ သင်း၊ အသင်းသား ၈၄၂၅ ဦးတို့တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကျေးရွာတစ်ခုထုတ်ကုန်တစ်ခု (OVOP)၊ မြေဩဇာစက်ရုံ၊ ကန်ထရိုက်လယ်ယာလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ဆီစက်အဆင့်မြှင့်နှင့် ဆီကြိတ်ခွဲလုပ်ငန်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် စုစုပေါင်းငွေကျပ် ၉၉၇၂ ဒသမ ၀၄ သန်းကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ခဲ့**

သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများကို (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)တို့တွင် ဖွင့်လှစ်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၂၅၂ ဦး သင်တန်းပြီးမြောက်အောင်မြင်ခဲ့ပြီး ၃၄ ဦးမှာ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့်အတွက် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်၍ ပညာဆက်လက်သင်ယူခွင့်ရရှိပြီး ကျောင်းသား ကျောင်းသူ ၂၁၈ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ခဲ့ပါသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း ကျောင်းသား ကျောင်းသူ ၁၅၁ ဦး သင်တန်းပြီးမြောက်အောင်မြင်ပြီး ၂၈ ဦးမှာ သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်၍ ပညာဆက်လက်သင်ယူခွင့်ရရှိပြီး ၁၂၃ ဦး အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများကို လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင်သိပြီး တောင်သူများသို့ အတွေ့အကြုံများမျှဝေပေးနိုင်အောင် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒေသထွက်ကုန်များကို ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် MCRD (Coop Mart)ဖွင့်လှစ်၍ ရောင်းချဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိုင်ငံတကာသမဝါယမအသင်းများ**

ဂျပန်နိုင်ငံတွင် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ အကြီးဆုံးနှင့် အအောင်မြင်ဆုံးအသင်းတစ်သင်းဖြစ်သော "JA–ZENCHU" သည် ၁၉၅၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်နိုင်ငံရှိ စိုက်ပျိုးရေးသမဝါယမအသင်းများအတွက် အဆင့်မြင့်ဆုံးအဖွဲ့အစည်း(Apex Body) အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရပါသည်။

"JA–ZENCHU"၏ အဖွဲ့ဝင် သမဝါယမအသင်းပေါင်းမှာ ၆၉၄ သင်းရှိပြီး အသင်းသားများအတွက် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်တင်ရောင်းချခြင်းနှင့် ငွေကြေးဝန်ဆောင်မှုပေးခြင်း စသည့်အမျိုးမျိုးသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံ အာနန်မြို့ရှိ Gujarat Cooperative Milk Marketing Federation Ltd (GCMMF)သည် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချပေးနေသော အကြီးဆုံးသမဝါယမအသင်းကြီးတစ်ခုဖြစ်ပြီး နာမည်ကြီး Amul အမှတ်တံဆိပ်ဖြင့် အရည်အသွေးမြင့် နို့နှင့် နို့ထွက်ပစ္စည်းအမျိုးပေါင်း ၁၄၀ ကို အိန္ဒိယနိုင်ငံ အနှံ့အပြားတွင်သာမက ကမ္ဘာ့နိုင်ငံအများအပြားသို့ပါ တင်ပို့ရောင်းချပေးနေသော အသင်းကြီးဖြစ်ပါသည်။ ထိုအသင်းကြီးကို ခရိုင်အဆင့် သမဝါယမအသင်းစု ၁၈ စု၊ ကျေးရွာသမဝါယမအသင်းပေါင်း ၁၈၆၀၀ ခန့် ပါဝင်ဖွဲ့စည်းထားပါသည်။ အသင်းသားပေါင်းမှာ ၃ ဒသမ ၆ သန်းခန့်ရှိပါသည်။ နှစ်စဉ်လုပ်ငန်းလည်ပတ်ငွေမှာ ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံခန့်ရှိကြောင်း သိရှိရပါသည်။

ဗဟိုသမဝါယမအသင်းသည် ၇-၉-၁၉၉၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၌ အသင်းဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ်ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ၁၉၂၃ ခုနှစ်မှ စတင်၍ ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၃ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံမှာလည်း နှစ်စဉ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၃၁) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာ့သမဝါယမများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာန သမဝါယမအသင်းနှင့် အသင်းသားပြည်သူများက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သော **"Cooperatives Driving Inclusive and Sustainable Solutions for a Better World" "သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့"** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုရင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အလှူငွေများ လာရောက်လှူဒါန်း



နေပြည်တော် ဇူလိုင် ၃

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးသင့်ဝန်ထမ်းများအတွက် ယနေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ်သိန်းငါးရာကို လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၆) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

တောင်ကြီး ဇူလိုင် ၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၆) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့် သယ်ဆောင်ရာလမ်းကြောင်း ပြောင်းလဲမှုများကိုသုံးသပ်ပြီး အထူးစစ်ဆင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အထူးစစ်ဆင်ရေးအကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး ယခုနှစ် မေ ၁ ရက်မှ စတင်၍ အထူးစစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း။

## ပူးပေါင်းဆောင်ရွက်သွားမည်

မူးယစ်ဆေးဝါးထုတ်လုပ်မှုများ လျှော့ချနိုင်ရေး ပရိကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးကို အဓိကဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပရိကာဆာ ဓာတုပစ္စည်းထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မူးယစ်ဆေးဝါးချက်လုပ်ရာဒေသများသို့ မရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် ထိုင်းနိုင်ငံနှင့်လည်း အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အနာဂတ်လူငယ်လူရွယ်များအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် "ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ" အရ ထိုင်းနိုင်ငံအစိုးရက အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ထောက်ပံ့ဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မှသာ ဘိန်းစိုက်ပျိုးရာဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာပြီး ဘိန်းစိုက်ပျိုးမှုပြဿနာများလည်း လျော့နည်းကျဆင်းလာစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မယ်ဖာလွံ့ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားမြို့နယ်ရှိ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းသည် ထိရောက်မှုရှိပြီး အောင်မြင်မှုများစွာ ရရှိနေသည့်အတွက် အဆိုပါစီမံကိန်းများအား ဆက်လက်ကူညီပံ့ပိုးစေလိုပါကြောင်း။

## အတူလက်တွဲဖြေရှင်းသွားရမည်

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စုတည်းကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ ဒေသတစ်ခုလုံးမှ တစ်ကမ္ဘာလုံးအထိ ဆက်စပ်ထိခိုက်စေသောကြောင့် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အတူလက်တွဲ ဖြေရှင်းသွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကြာမြင့်စွာတည်ရှိခဲ့သည့် ကောင်းမွန်သော ဆက်ဆံရေးကို ဆက်လက်ခိုင်မာစွာ တည်ရှိနေရန်အတွက် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံနှစ်ခု အမြင်တစ်ခုဖြင့် ပိုမိုတောက်ပသော မနက်ဖြန်များစွာအတွက် မူးယစ်ဆေးဝါးကင်းစင်သောဒေသဖြစ်စေရေး ပူးပေါင်းဆောင်ရွက်သွားကြပါစို့ "Two Nations, One Vision – Collaborating for Brighter Tommorrows" ဆောင်ပုဒ်လေးအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol. Lt. Gen. Phanurat Lukboon (ဖနုရတ် လုပ်ကဘွန်း) က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ် ၁၄ ဦးနှင့် ထိုင်းနိုင်ငံမှ Pol. Lt. Gen. Phanurat Lukboon (ဖနုရတ် လုပ်ကဘွန်း) ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့ တက်ရောက်ပြီး နှစ်ဖက်ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား လတ်တလောဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးအခြေအနေနှင့် တားဆီးနှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ ပရိကာဆာဓာတုပစ္စည်းများ ထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါးစိစစ်လေ့လာရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စရပ်များနှင့် (၂၇) ကြိမ်မြောက် အစည်းအဝေးကို ထိုင်းနိုင်ငံက အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




❖ *ကျောဖုံးမှ*

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

ခြေစစ်ပွဲအပြီးတွင် SGF အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ Gold Dream အသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး နှစ်မှတ်ရရှိသည့် JZ Yangon အသင်းနှင့် တစ်မှတ်ရရှိသည့် ဖူဆယ်ချစ်သူအသင်းတို့မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

# ဘိုကလေးမြို့နယ်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကျင်းပ

ဘိုကလေး ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဇွန် ၃၀ ရက်က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲမင်းဇော်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ အခွန်ထမ်းပြည်သူများ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအပါအဝင် အခွန်ဆိုင်ရာကိစ္စရပ်များကို ပြည့်စုံစွာ ရှင်းလင်းအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများဖြစ်သည့် ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေမုဋ္ဌောစေတီနှင့် လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်တို့ရှိ သာသနိကအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှု၊ မဟိယင်္ဂဏစေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် စစ်ကိုင်းမြို့အတွင်း နေအိမ်အဆောက်အအုံ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေမုဋ္ဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိဆောက်အအုံအား စက်ယန္တရား ကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် Sky Villa နေရာရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားနေမှု၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံးတွင် Sky Villa မှ ရှာဖွေတွေ့ရှိသော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

* *ကျောဖုံးမှ*

၄ ကြိမ်တိုင်ကျင်းပခဲ့ပြီး စိစစ်တွေ့ရှိသည့် အသက်မပြည့် သေးသည့် စစ်သည် ၉၃ ဦး တပ်မတော်မှ နုတ်ထွက်ခွင့်ပေးကာ မိဘများထံ ကောင်းမွန်စွာ ပြန်လည်အပ်နှံခဲ့ပါသည်။ နုတ်ထွက်ခွင့်ရသည့် စစ်သည်တစ်ဦးချင်းအလိုက် ထောက်ပံ့ကြေးငွေများ ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် နှစ်ဖက်ပူးတွဲ တိုက်ဆိုင်စိစစ်မှုပြုလုပ်ခဲ့ရာ အသက်မပြည့်ဟု သံသယရှိသူစစ်သည် ၁၈ ဦးသာ ကျန်ရှိသည်။

ကလေးသူငယ်များကို အကာအကွယ်ပေးရန်နှင့် ကောင်းကျိုးချမ်းသာရရှိစေရေး ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်သည့် ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး အမျိုးသားအဆင့်ကော်မတီကို ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၅-၁၀- ၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ တိုင်ကြားမှုဖြစ်စဉ် ၉၈ ခုကို ဆောင်ရွက်ပေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများနှင့် သက်ဆိုင်ခြင်းမရှိသည့် ဖြစ်စဉ်များသာ တွေ့ရှိသည်။

ထို့အပြင် တပ်မတော်သားများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား ကလေးသူငယ်များ အကာအကွယ်ပေးရေးနှင့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု ၆ ရပ် နှင့်ဆက်စပ်သည့် သင်ခန်းစာများကို ပို့ချပေးလျက်ရှိသည်။

အထက်ဖော်ပြပါအချက်များသည် မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ရာတွင် ကုလသမဂ္ဂ၏ ယခုနှစ် အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စွပ်စွဲချက်များသည် စနစ်တကျစိစစ်ထားခြင်းမရှိသည့် ကိန်းဂဏန်းအချက်အလက်များ လွဲမှားစွာဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံက တရားဝင်ပေးပို့ထားသည့် သက်သေအထောက်အထား အချက်အလက်အမှန်များနှင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုထားခြင်းမျိုးလည်းမရှိကြောင်း တွေ့ရှိရသည်။

ဥပမာပြရမည်ဆိုရပါက မြန်မာ့တပ်မတော်သည် အသက်မပြည့်သေးသူ ကလေးသူငယ် ၄၈၂ ဦးကို စစ်သည်အဖြစ် စုဆောင်းအသုံးပြုခဲ့ကြောင်း စွပ်စွဲထားသော်လည်း ၂၀၂၄ ခုနှစ်တွင်း ကုလသမဂ္ဂက မြန်မာနိုင်ငံအစိုးရဘက်သို့ ပေးပို့လာသည့် အမှုတွဲမှာ ၈ မှုသာဖြစ်၍ အစီရင်ခံစာပါ စွပ်စွဲထားသည့် ကိန်းဂဏန်းများသည် လုံးဝလွဲမှားစွာဖော်ပြနေခြင်းဖြစ်သည်မှာ ထင်ရှားနေပါသည်။ ထို့အပြင် ၂၀၂၁-၂၀၂၄ ကာလအတွင်း NUG နှင့် ယင်းလက်ဝေခံ PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် ၁၁၈ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၈,၅၈၈ ဦး သေဆုံးခဲ့ပြီး ကလေးသူငယ် ၁,၂၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ သို့သော် အစီရင်ခံစာတွင် ဤအချက်များကို လုံးဝဖော်ပြထားခြင်းမရှိဘဲ တပ်မတော်အပေါ် စွပ်စွဲချက်များကိုသာ အလေးပေးဖော်ပြထားသည်။

ကုလသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် မျှတမှုမရှိသော အစီရင်ခံစာများကို ထုတ်ပြန်ကာ အကြမ်းဖက်အဖွဲ့များ၏ ရာဇဝတ်မှုများကို "အမည်မသိ ကျူးလွန်သူများ" ဟု ရှင်းလင်းပြတ်သားမှုမရှိဘဲ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားသည့် ဘက်လိုက်သော အစီရင်ခံစာများပြုစုခြင်းနှင့် နိုင်ငံရေးအရ ဖိအားပေးမှုများ ပြုလုပ်နေခြင်းသည် အဖွဲ့ဝင်နိုင်ငံကို ကူညီရာမရောက်ဘဲ ကုလသမဂ္ဂ၏ သမာသမတ်ကျမှုနှင့် အချက်အလက်စုဆောင်းသည့်ပုံစံ (methodology) အပေါ် မေးခွန်းထုတ်စရာဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက အစီရင်ခံစာတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် မြေပြင်အခြေအနေမှန်များကို ထင်ဟပ်မှုမရှိသည့် မှားယွင်းသော ကိန်းဂဏန်းအရေအတွက် ဖော်ပြချက်ကို ကန့်ကွက်ပယ်ချသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ လုံခြုံရေးနှင့် အခွင့်အရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် အပြုသဘောဆောင်သော ချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည်လက်ခံနိုင်သော အစီရင်ခံစာများကို ထုတ်ပြန်ရန် ပြင်းထန်စွာ တောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်**

---

# ကလေးမြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကျင်းပ

**ကလေး ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့နယ်စုပေါင်းရုံး၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာခိုင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေးလှယ်သဲမ်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်တို့က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကလေးတက္ကသိုလ်မှ ချင်းတို့ဌာနေသီချင်း၊ ရှောင်စောန်းချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ဒို့ဘိုးဘွားမြေသီချင်း၊ ချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ဝါးညှပ်အကနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် မိုက်ခရိုဆော့ဖ်ကုမ္ပဏီက အလုပ်အကိုင် ၉၀၀၀ လျှော့ချရန်စီစဉ်ထား




**နယူးယောက် ဇူလိုင် ၃**

အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဒုတိယအကြိမ် အလုပ်အကိုင် လျှော့ချမှုအဖြစ် အလုပ်နေရာ ၉၀၀၀ ခန့် လျှော့ချသွားမည်ဟု ကြေညာခဲ့သည်။

မိုက်ခရိုဆော့ဖ်ကုမ္ပဏီသည် ဉာဏ်ရည်တု နည်းပညာ(အေအိုင်) ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၎င်း၏လုပ်ငန်းဆောင်တာများ ချောမွေ့စေရန် အလေးထားလျက်ရှိသည်။ နည်းပညာကုမ္ပဏီကြီးသည် ၎င်း၏ စုစုပေါင်းလုပ်သားအင်အားကို လေးရာခိုင်နှုန်းအောက်လျှော့ချမည်ဟု ဇူလိုင် ၂ ရက်တွင် ကြေညာခဲ့သည်။

ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ဝန်ထမ်းပေါင်း ၂၂၈၀၀၀ ခန့်ရှိပြီး ခန့်မှန်းခြေအားဖြင့် ဝန်ထမ်းပေါင်း ၉၁၀၀ ခန့်ကို အလုပ်ဖြုတ်သွားမည်ဟု တာဝန်ရှိသူများက ပြောသည်။ ဈေးကွက်တွင်အောင်မြင်မှုရရှိစေရန်နှင့် ကုမ္ပဏီအနေအထား အကောင်းဆုံးအဖြစ်ပြောင်းလဲရန် ဆက်လက်လုပ်ဆောင်နေသည်ဟု မိုက်ခရိုဆော့ဖ်ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ကပြောသည်။

အလုပ်အကိုင် ၆၀၀၀ ခန့်ကို ဖယ်ရှားမည်ဟု ကုမ္ပဏီက မေလအတွင်းကြေညာခဲ့ပြီးနောက် ယခုလိုလျှော့ချမှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မိုက်ခရိုဆော့ဖ်သည် အေအိုင်စနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွယ်သည့်အသုံးစရိတ်များ တိုးလာသည့်အချိန်တွင် ကုမ္ပဏီအနေဖြင့် အရင်းအမြစ်များကို အာရုံစိုက်ရန်လိုအပ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံတန်ကြေးရှိ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို အင်ဒိုနီးရှားနှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့ သဘောတူ

**ဂျကာတာ ဇူလိုင် ၃**

အင်ဒိုနီးရှားနိုင်ငံနှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့သည် သန့်ရှင်းသောစွမ်းအင်၊ ရေနံဓာတုဗေဒလုပ်ငန်းများ၊ လေယာဉ်လောင်စာဆီလုပ်ငန်း၊ ကျန်းမာရေးကဏ္ဍ၊ ဆေးဝါးနှင့် ကျန်းမာရေးနည်းပညာကဏ္ဍများအပါအဝင် ကဏ္ဍအမျိုးမျိုးတွင် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံတန်ကြေးရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို သဘောတူခဲ့ကြသည်။

### လက်မှတ်ရေးထိုးခဲ့ကြ

အင်ဒိုနီးရှားသမ္မတရုံး၏ ဇူလိုင် ၃ ရက် ထုတ်ပြန်ချက်များအရ နှစ်နိုင်ငံစလုံးမှ ပုဂ္ဂလိက ကဏ္ဍအဖွဲ့အစည်းများသည် အဆိုပါသဘောတူညီမှုများတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီအန်တိုနှင့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်တို့ ဇူလိုင် ၂ ရက်က ဂျက်ဒက်မြို့ရှိ အယ် - ဆယ်မန် နန်းတော်၌ တွေ့ဆုံခဲ့ကြသည်ဟု သိရသည်။

### ကတိကဝတ်ပြုခဲ့

ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးတို့ အပါအဝင် ပုဂ္ဂလိက ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းအောင်ပြုလုပ်သွားမည်ဟု ခေါင်းဆောင်နှစ်ဦးစလုံးက ကတိကဝတ်ပြုခဲ့ကြကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ သတင်းအချက်အလက်ဖလှယ်ရေးနှင့် လေ့ကျင့်ပေးရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်လည်း ကြိုးဆိုခဲ့ကြသည်ဟု သိရသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကဘူးလ် ဇူလိုင် ၃**

အာဖဂန်နစ္စတန်နိုင်ငံ ရဲတပ်ဖွဲ့သည် နိုင်ငံအနောက်ပိုင်း နင်ရော့ဇ်ပြည်နယ်၌ ဘိန်းဖြူ ၆ ကီလိုဂရမ်နှင့် ဘိန်း ၃၆ ကီလိုဂရမ်တို့ အပါအဝင် တရားမဝင်မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၃ ရက်ထုတ်ပြန်ချက်တွင် ပြောကြားသည်။

သတင်းပေးချက်အရ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့က ခိုနစ်ခ်ဒေသကို ရှာဖွေမှုများပြုလုပ်ရာ တရားမဝင်မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က လူတစ်ဦးကိုလည်း စုံစမ်းစစ်ဆေးရန်အတွက် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် မူးယစ်ဆေးဝါးကင်းစင်သည့်နိုင်ငံတစ်ခုဖြစ်လာသည့်တိုင်အောင် တရားမဝင်မူးယစ်ဆေးဝါးများကို တိုက်ဖျက်ရန် ကတိပြုထားကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိ ငလျင်ခတ်လှုပ်မှုဖြစ်ပွား



**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားပြည်နယ်၌ ပြင်းအား ၅ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသတွင် သီတင်းပတ် နှစ်ပတ်ခန့်အတွင်း ငလျင်အကြိမ်ရေ ၁၀၀၀ ကျော် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ဇူလိုင် ၃ ရက် ညနေ ၄ နာရီ ၁၃ မိနစ်ခန့်က လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်မှာ တိုကာရာကျွန်း၏ ကမ်းလွန်တွင် တည်ရှိကြောင်း မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။ ငလျင်အနက်မှာ ၂၀ ကီလိုမီတာခန့်ရှိပြီး ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီအန္တရာယ်မရှိကြောင်း သိရသည်။

ငလျင်ကြောင့် ပျက်စီးမှု၊ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း၌ ပြင်းအား ၅ ဒသမ ဝ အဆင့်ရှိ ငလျင်လှုပ်ခတ်

**အူလန်ဘာတာ ဇူလိုင် ၃**

မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်း ဒပ်ဂိုဗီပြည်နယ်၌ ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၃ မိနစ်က ပြင်းအား ၅ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏နက္ခတ္တဗေဒနှင့် ဘူမိရူပဗေဒအဖွဲ့အစည်းက ပြောကြားသည်။

ငလျင်ဗဟိုချက်မှာ ဒပ်ဂိုဗီပြည်နယ် ဒဲဂွါဆော့ပြည်နယ် မြောက်ဘက် ၁၃ ကီလိုမီတာတွင် တည်ရှိပြီး မြောက်လတ္တီကျူ ၄၆ ဒသမ ၂၅ ဒီဂရီ နှင့် အရှေ့လောင်ဂျီကျူ ၁၀၆ ဒသမ ၃၄ ဒီဂရီဖြစ်သည်ဟု ကနဦးသတ်မှတ်ထားကြောင်း အဆိုပါအဖွဲ့အစည်းက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကို မြို့တော် အူလန်ဘာတာအပါအဝင် ဒပ်ဂိုဗီပြည်နယ် နှင့် အခြားဒေသတစ်ဝန်း သိသိသာသာ ခံစားရသော်လည်း ထိခိုက်ပျက်စီးမှု မရှိကြောင်း အေဂျင်စီက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်ကို ဗီယက်နမ် အပြီးသတ်ရေးဆွဲ

**ဟန္နိုင်း ဇူလိုင် ၃**

ဗီယက်နမ်သည် အမေရိကန်နှင့် ကုန်သွယ်ရေး သဘောတူညီချက်ကို အပြီးသတ်ရေးဆွဲနေကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ "အပြန်အလှန် အခွန်စည်းကြပ်မှု" သက်တမ်းမကုန်ဆုံးမီ ရက်ပိုင်းအလိုတွင် ယခုကိစ္စ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဖန်သူဟန်က ဗီယက်နမ်နှင့် အမေရိကန်တို့မှ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များသည် နှစ်နိုင်ငံခေါင်းဆောင်များအကြား အကြံဉာဏ်များ ဖလှယ်ရန်နှင့် ဆွေးနွေးမှုများလုပ်ဆောင်နိုင်ရန် အတူတကွ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်ကုန်ပစ္စည်းအားလုံးသည် ဧပြီလတွင် ကြုံတွေ့ရသည့် စုစုပေါင်း ၄၆ ရာခိုင်နှုန်းထက် များစွာနိမ့်ကျသော အခွန်စည်းကြပ်မှု ၂၀ ရာခိုင်နှုန်းခန့်ကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုမီဒီယာ၌ ဇူလိုင် ၂ ရက်တွင် ပြောကြားခဲ့သည်။

အစောပိုင်း ချမှတ်ခဲ့သည့် ကမ္ဘာ့အခွန်စည်းကြပ်မှု ၁၀ ရာခိုင်နှုန်းသည် ယခုဗီယက်နမ်နိုင်ငံအပေါ် ချမှတ်လိုက်သည့် အခွန်စည်းကြပ်မှု ၂၀ ရာခိုင်နှုန်းတွင် ပါဝင်လာမည်လား ဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးချေ။

ဗီယက်နမ်ကို ဖြတ်ကျော်ဝင်ရောက်လာသည့် အခြားနိုင်ငံများမှ ကုန်ပစ္စည်းများကိုလည်း ၄၀ ရာခိုင်နှုန်း အခွန်ဆောင်ရမည်ဟု မစ္စတာဒေါ်နယ်ထရမ့်က ပြောသည်။




**အင်န်အိတ်ချ်ကေ**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အားကောင်းမှသာ ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်

**ပဲခူး ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက် နံနက်ပိုင်းက စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

**ကြိုးစားဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဇူလိုင် ၂ ရက်တွင် ကျင်းပသည့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး၏ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို လုပ်ဆောင်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အားကောင်းမှသာ ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိရာ လိုအပ်သည်များကို ကဏ္ဍပေါင်းစုံမှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးသီးနှံအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ပြည်ပပို့ကုန်ဖြစ်သော သရက်နှင့် ဒူးရင်းသီးနှံဇုန်များ ဖော်ဆောင်ရန်နှင့် စားဖိုဆောင်သီးနှံများကို သတ်မှတ်ဧကအပြည့်အဝ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ တောင်သူများ Drum Seeder ပိုင်ဆိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် လအလိုက် စီမံချက်ပါအတိုင်း တိုးချဲ့မွေးမြူနိုင်ရေး မြေပြင်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တာဝန်ရှိသူအားလုံး ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဒေသတွင်း စီးပွားရေး တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်စွာ ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ခရိုင်အလိုက် တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်အကြံပြုတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ် တစ်ခုချင်းအလိုက် စီးပွားရေးတိုးတက်စေရေး ဆောင်ရွက်ရန်လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်၌ မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

**တောင်ကြီး ဇူလိုင် ၃**

၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြန်မာ အမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်နယ် အမျိုးသမီးကော်မတီက ကြီးမှူးကျင်းပသည့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် နယ်ပယ်အသီးသီးမှ နိုင်ငံတော်အဆင့် ထူးချွန်အမျိုးသမီးများအား ပြည်နယ်အစိုးရအဖွဲ့က မှတ်တမ်းတင် ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဇော်မင်းက ပြည်နယ်အတွင်းရှိ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပညာရေးဒီဂရီကောလိပ်မှကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့ သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ယင်းနောက် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ " Video Clip ကိုပြသပြီး ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက အခြေခံပညာအထက်တန်းကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ဆက်လက်၍ ထူးချွန်အမျိုးသမီးဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့်လည်းကောင်း၊ ကျောင်းသူလေးများက "မြန်မာမလေးပါရှင့်" သီချင်းဖြင့်လည်းကောင်း၊ အမှတ် (၁၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူများက ရှမ်းအကဖြင့် လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "ရွှေဘိုသနပ်ခါး" သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်တက္ကသိုလ် သုဒဿနဓမ္မာရုံ ရေစက်သွန်းချအလှူတော်မင်္ဂလာနှင့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတက်ရောက်

**မြိတ် ဇူလိုင် ၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သော မြိတ်တက္ကသိုလ် သုဒဿနဓမ္မာရုံ ရေစက်သွန်းချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ သုဒဿနဓမ္မာရုံအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည်နှင့် မြို့မိ မြို့ဖ ဦးလှသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓမ္မာရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒ မော်တောင်ကျောင်း ဆရာတော် ထံမှငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စံကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် "မြန်မာအမျိုးသမီးများနေ့" အခမ်းအနားကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ထူးချွန်အမျိုးသမီးနှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ကာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် မြိတ်ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌတို့က ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်" ဗီဒီယို၊ မြိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ "မြန်မာအမျိုးသမီးများနေ့" ဂုဏ်ပြုအစီအစဉ်၊ ပထက် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် " တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး အခမ်းအနားအပြီးတွင် ခန်းမအတွင်း ပြသထားသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၁၂၃ | PALM SUPPLY INTERNATIONAL COMPANY LIMITED. | U Pyae Sone Aung | Padonemar Street, No(1) Quarter, HPA-AN Township, Kayin State | 3/BAABNA(N)322679 |
| | | U Khine Oo | | 3/MAWATA(N)023055 |
| | | U Aung Ko Lwin | | 3/BAAHNA(N)267827 |
| | | U Min Min Oo | | 3/BAAHNA(N)202988 |
| | | U Nyi Nyi Tun | | 3/BAAHNA(N)354122 |
| ၁၂၄ | PATAMYAR GONEYAY COMPANY LIMITED. | U Han Maung | Merchant Street, No (504-506), (3-A), 7th Ward, Kyauktadar Town-ship, Yangon | 11/MATANA(N)008474 |
